**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော**
**ဒုတိယဦးစီးမှူးနှင့် စာရင်းကိုင်(၂)ရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ (ကရင်/ ပဲခူး/ မန္တလေး/ ရန်ကုန်/ ရှမ်း/ ဧရာဝတီ) တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၃၁)နေရာနှင့် (ကချင်/ ကရင်/ တနင်္သာရီ/ ရှမ်း/ ဧရာဝတီ) တိုင်းဒေသကြီး/ ပြည်နယ်များတွင် လစ်လပ်သော စာရင်းကိုင်(၂)ရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၃)နေရာတို့အတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| **ဒုတိယဦးစီးမှူးရာထူးအတွက်** | |
| (က) | B.Sc ( Industrial-Chemistry / Marine Science/ Environmental Science/ Bio-Chemistry/ Bio-Technology/ Micro-Biology)/ B.Es ( Environmental Studies)/ B.C.Sc/ B.C Tech |
| ( ခ ) | B.A ( International Relations/ Library & Information Studies) |
| ( ဂ ) | B.Econ(Statistics)/ B.BSc (Applied Statistics) |
| (ဃ) | B.Sc (Forestry) |
| ( င ) | B.E (Mechanical/ Mechanical Precision & Automation/ Chemical/ Electronics/ Electrical Power/ Textile/ Information Science & Technology/ Petroleum/ Mining/ Materials & Metallurgy/)<br>B. Architecture |
| **စာရင်းကိုင်(၂) ရာထူးအတွက်** | |
| ( စ ) | စီးပွားရေးတက္ကသိုလ်မှပေးအပ်သော စီးပွားရေးဘွဲ့များ |
| (ဆ) | သမဝါယမတက္ကသိုလ်မှပေးအပ်သော စီးပွားရေးဘွဲ့များ |

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ဖြစ်ပါက ဘွဲ့တစ်ခုခုရရှိသူများအားလုံး လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၉-၂၀၂၄) ရက်နေ့တွင် အမှတ်စဉ်(က)၊(ခ)၊(ဂ)၊(စ)၊(ဆ) ပါ ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၈)နှစ် နှင့် အမှတ်စဉ် (ဃ)၊(င)ပါ ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၃၀)နှစ်၊ မဟာဘွဲ့ရရှိသူဖြစ်ပါက အသက် (၃၂) နှစ်၊ ပါရဂူဘွဲ့ ရရှိသူ ဖြစ်ပါက အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက ၎င်းဘွဲ့အားလုံးအတွက် အသက် ၃၅ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းသဘာဝအရ ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ိ (ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် နေပြည်တော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရုံးချုပ်)၏ ငွေစာရင်းအမှတ် (MD 012207)သို့ ပေးသွင်းပြီး ချလန်မူရင်း/ငွေလွှဲပြေစာမူရင်းအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံး စာစစ်ဌာနများ၌ ၁၂-၁၀-၂၀၂၄ ရက်(စနေနေ့)တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်၍ **မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို တိကျစွာ ရေးသားဖော်ပြရမည်** ဖြစ်ပါသည်။

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော www.ecd.gov.mm ၊ ဌာန၏ Facebook Page- Environmental Conservation Department-ECD တွင် download ရယူနိုင်ပြီး အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ နေပြည်တော်သို့ လိပ်မူ၍ အမြန်ချောပို့/စာတိုက်မှတစ်ဆင့် (၃၀-၉-၂၀၂၄) ရက် (သောကြာနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း

(ခ) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၃)ပုံ
( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

( င ) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

( စ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် (၁)လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း

( ဇ ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

( ဈ ) ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့နှင့် အတူ လျှောက်လွှာမိတ္တူတစ်စုံကို ကြိုတင်လျှောက်လွှာအနေဖြင့် သတ်မှတ်ရက် မတိုင်မီ ပေးပို့လျှောက်ထားရန်ဖြစ်ပြီး မူရင်းလျှောက်လွှာကို သက်ဆိုင်ရာဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် ၃၀-၉-၂၀၂၄ ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထား ရမည်။ သက်ဆိုင်ရာဌာနမှ အချိန်မီပေးပို့နိုင်ခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကိုလုံးဝ (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ၁၂-၁၀-၂၀၂၄ ရက်(စနေနေ့)၌ မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာ ဘာသာရပ်မေးခွန်းတို့အား နံနက်(၀၉:၀၀)နာရီမှ နေ့လယ်(၂:၃၀)နာရီအထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၇-၁၀-၂၀၂၄ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော www.ecd.gov.mm ၊ ဌာန၏ Facebook Page- Environmental Conservation Department-ECD နှင့် ဝင်ရောက်ဖြေဆိုမည့် စာစစ်ဌာနများ၌ ကြေညာပေးသွားမည်ဖြစ်၍ ၁၁-၁၀-၂၀၂၄ ရက်နေ့တွင် ဖြေဆိုခွင့်ကတ်ပြား များကို နိုင်ငံသားစိစစ်ရေးကတ်ပြသ၍ မိမိဖြေဆိုမည့်စာစစ်ဌာနများ၌ ထုတ်ယူနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဦးစီးရုံးချုပ်၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခေါ်ယူသော**
**ဒုတိယဦးစီးမှူးနှင့်စာရင်းကိုင်(၂)ရာထူးနေရာအတွက် လျှောက်လွှာပုံစံ**

ဖြေဆိုမည့်စာစစ်ဌာန-----------------------------------------
(နေပြည်တော်၊ ကချင်၊ ကရင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ)တိုင်းဒေသကြီး/ပြည်နယ်
ခုံအမှတ် -----------------------------------------

သို့

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၈)၊ နေပြည်တော်

ဓါတ်ပုံ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူ-

(က) အမည် -----------------------------------------------------------
(ခ) ဖြေဆိုမည့်ရာထူး -----------------------------------------------------
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------
(ဃ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)/အသက် ----------------------------------------
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------------------------------------------
(စ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ် ------------------------------------
--------------------------------------------------------------------
(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်
(၁)ဖခင်အမည် ---------------------------------------------------
(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------
(၃)အလုပ်အကိုင် ------------------------------------------------
(၄)မိခင်အမည် ---------------------------------------------------
(၅) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------
(၆)အလုပ်အကိုင် ------------------------------------------------

(ဇ) လက်ရှိအလုပ်အကိုင် (နိုင်ငံ့ဝန်ထမ်းများအတွက်သာ)

(၁) ဌာန ----------------------------------------------------------------

(၂) ရာထူး --------------------------------------------------------------

(၃) လစာနှုန်း -----------------------------------------------------------

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် ---------------------------

(ည) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ် --------------------------

------------------------------------------------------------------------

(ဋ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ) ---------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

၂။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ပါသည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း

(ခ) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၂)ပုံ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(င) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(ဆ) ကျန်းမာကြောင်း ဆေးစစ်ထောက်ခံချက်မူရင်း

(ဇ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ဒုတိယဦးစီးမှူး/စာရင်းကိုင်(၂)ရာထူးဖြင့် ခန့်အပ်ခြင်းခံရပါက ဌာနတွင် နေရာဒေသမရွေး အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

လျှောက်ထားသူ-

လက်မှတ်---------------------------

အမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------

---------------------------------